# ရာဇသံ

စစ်အုပ်စုဟာ ၄င်းတို့ အာဏာတည်မြဲရေးအတွက်ကလွဲလို့ တခြားဘယ်သူမျက်နှာမှာ မကြည့်ဘူးဆိုတာ ကျနော်တို့ သဘောပေါက်ဖို့ အချိန်တန်ပြီလို့ ထင်ပါတယ်။ ကျောင်းသားတွေ၊ ပြည်သူတွေရဲ့ သွေးတွေ၊ အသက်တွေကို သူတို့ အာဏာရန္တယားရဲ့ ချောဆီအဖြစ် သုံးခဲ့တယ်။ ကျနော်တို့ မိဘတွေရဲ့ ရင်ဘတ်ပေါ်က စစ်ဖိနပ်ရာတွေက ကျနော်တို့ ရင်ဘတ်တွေအထိ မရပ်သေးဘူး။

ကျောင်းသားသမဂ္ဂ အဆောက်အဦးက ပေါက်ကွဲသံနဲ့ အရိုင်းခေတ်ကို စတင်ခဲ့တယ်။ ကိုကိုးကျွန်းပေါ်က လူမသိသူမသိ ယုတ်မာမှုတွေ ရှိတယ်။ ဦးသန့် အရေးအခင်း၊ မှိုင်းရာပြည့်မှာ ကျတဲ့ သွေးတွေဟာ ကျနော်တို့ မိဘတွေ ရင်ဘတ်ပေါ်က စစ်ဖိနပ်ရာတွေ ဖြစ်တယ်။

မြေနီကုန်းမှာ လူမမယ်ကလေးတွေ သတ်ခဲ့တယ်။ အင်းယာကန်စောင်းဟာ ကျောင်းသူ ကျောင်းသားတွေရဲ့ အလောင်းနဲ့ ပိုမြင့်ခဲ့တယ်။ ကျောင်းပညာ တပိုင်းတစနဲ့ ကျောင်းသားတွေဟာ ၄က်ဖျားနဲ့ နပန်းလုံးရင်း အနာဂတ်သွေး ဆုံးခဲ့ရတယ်။ သူတို့ဟာ  သာသနာ့ ဝန်ထမ်းတွေရဲ့ သွေးနဲ့ ခြေဆေးတယ်။ ဒါဟာ ကျနော်တို့ မျိုးဆက်ရင်ဘတ်ပေါ်က စစ်ဖိနပ်ရာတွေ ဖြစ်တယ်။

ကျနော်တို့ မပါးနပ်ခဲ့ကြဘူး။ တော်လှန်ရေး တော်လှန်ရေးနဲ့ ပါးစပ်ကအော်ရင်း စစ်အုပ်စု ကြိုးဆွဲရာ မျောပါနေတာ ကြာခဲ့ပြီ။ စစ်အုပ်စုကို မောင်းထုတ်ဖို့ သတ်ကွင်းတွေ ပြင်ဆင်ရင်းနဲ့ ကျနော်တို့ကို ကျနော်တို့ တိုက်ပွဲအပြင်ကို မောင်းထုတ်ခဲ့ပေါင်း များပြီ။ လူထုတိုက်ပွဲတွေ အကြိမ်ကြိမ် နွှဲခဲ့တယ်။ သူပုန် အကြိမ်ကြိမ် ထခဲ့တယ်။ စေ့စပ်ရေး စားပွဲတွေမှာ အကြိမ်ကြိမ် ထိုင်ခဲ့ဘူးတယ်။ ကျနော်တို့ အသနားခံခဲ့ဘူးတယ်။ ကျနော်တို့ ကြမ်းတမ်းခဲ့ဘူးတယ်။
ကျနော်တို့ ယဉ်ကျေးခဲ့ဘူးတယ်။ ကျနော်တော့ ဘယ်လို 'က'ချိုးပြောင်းပြောင်း စစ်အုပ်စုကတော့ စစ်ရေးအနေနဲ့ မြင်ခဲ့တယ်။ စစ်ပွဲမှာ ရန်သူကို ခြေမှုန်းသလိုပဲ ကိစ္စတုန်း လုပ်ခဲ့တယ်။
စစ်အုပ်စုက ရန်ငါ ပြတ်တယ် ဆိုရမယ်။

စစ်အုပ်စုဟာ အာဏာတည်မြဲရေး တစ်ခုထဲကို စွဲကိုင်ပြီး ဆန့်ကျင်ဘက်မှန်သမျှ ချေမှုန်းတယ်။ ကျနော်တို့တွေက တဖက်က စစ်အုပ်စုကို တိုက်ရင်း ကားအကောင်းစား စီးနိုင်ဖို့၊ နိုင်ငံကောင်းကောင်းမှာ အခြေချဖို့၊ စတဲ့ ပုဂ္ဂိုလ်ရေး ရောထွေးမှုတွေနဲ့ တိုက်ခိုက်တယ်။ ဒါဟာ တော်လှန်ရေး သက်ကို ကြာစေတဲ့၊ စစ်အုပ်စု သက်စိုးရှည်စေတဲ့ အရင်းခံ အချက်လို့ မြင်တယ်။

ကျနော်တို့ လူမျိုးတွေ မင်းလောင်းမျှော်တတ်တဲ့ ဓလေ့ဟာ ဘယ်ကစတယ် မသိဘူး။ ဒါပေမဲ့ သီပေါမင်း ပါတော်မူတဲ့ နောက်ပိုင်း စကြာမင်းလေးကို မျှော်တယ်။ ကယ်တင်ရှင် မျှော်တယ်။ တန်ခိုးရှင် မျှော်တယ်။ ကျနော်တို့ ခေတ်မှာလဲ UN, EU, US တို့ဟာ ခေတ်သစ် စကြာမင်းလေးတွေ ဖြစ်တယ်။ အမှန်တော့ ကျနော်တို့ နိုင်ငံရဲ့ အနာဂတ်ကို သူတို့ ဘယ်လိုမှ ဖန်တီးပေးမယ် မဟုတ်ဘူး။ ကျနော်တို့ သွေးတွေကို အင်္ဂတေလုပ်၊ အလောင်းတွေကို အုတ်ရိုးလိုစီပြီး ကိုယ်တိုင်ပဲ တည်ဆောက်ရမှာ ဖြစ်တယ်။ ကျနော် တစ်နေရာက လတ်လတ်ဆတ်ဆတ် ဖတ်ခဲ့တဲ့ စာသားလေး တစ်ခုကိုးကား လိုပါတယ်။ **"နိုင်ငံရေး. စီးပွားရေး.. လူမှုရေး.. အမြတ်ထုတ်စရာ.. လားလားမှ မရှိတဲ့ တိုင်းပြည် သေးသေးလေး.. ငါတို့ ဂရု မစိုက်သေးဘူး.."** လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ  ဒါဟာ ကျနော်တို့ တိုင်းပြည်အပေါ် နိုင်ငံတကာရဲ့ အတွင်းပိုင်းကြတဲ့ အမြင်ဖြစ်တယ်။ ဘန်ကီမွန်း၊ ဂျော့ဘုရှ်၊ ဘရောင်းနဲ့ ဂမ်းဘာရီတို့ လူမြင်ကွင်းမှာ စိတ်ဆိုးပြ၊ စိတ်မကောင်းပြတာတွေကို ကြည့်ပြီး မျှော်ကြည့်နေဖို့ မလိုဘူး။ ထိုက်သင့်တဲ့ ငွေကြေး အကူအညီပေးနေတဲ့ အတွက်လဲ တနေ့တော့ ရမ်ဘိုကြီးတွေ မိုးပေါ်က ကျလာလိမ့်မယ်လို့လဲ ထင်နေဖို့ မလိုဘူး။ မသာအိမ်ကို လာတဲ့သူတိုင်း လူမှုရေးအရ ဝမ်းနည်းတဲ့ မျက်နှာကို ဝတ်ဆင်ထားကြမှာ ဖြစ်တယ်။ ပြီးတော့ သူတို့ စီးပွား မထိခိုက်နိုင်တဲ့ ကူငွေလောက်တော့ ထည့်ဝင်ကြမှာ ဖြစ်တယ်။ မသာလေးချပြပြီး ဖဲဝိုင်းထောင် အကောက်စားနေတဲ့ လူနည်းစုအတွက် အထွာတစ်ခု အဆင်ပြေရုံပဲ ဖြစ်နေမယ်။

စာရွက်တွေ၊ ကုလားထိုင်တွေပေါ်မှာ လုပ်တဲ့ ညီညွတ်ရေးတွေနဲ့၊ လေ့လာရေး ဆရာ့ဆရာတွေရဲ့ သွေးမဲ့သော ကူပြောင်းရေး လမ်းကြောင်းတို့၊ အာဏာရှင်စနစ် တစစ ယိုယွင်းလာခြင်းတို့ ဆိုတာတွေနဲ့ စားကြသောက်ကြ ငြင်းကြခုံကြနဲ့ အဝေးက တိုက်ပွဲကွင်းကို ရပ်ကြည့်နေခဲ့ကြတာလဲ ကြာပြီ။ ကာလ အကြာကြီးတုန်းက လူထု အသင့် မဖြစ်သေးဘူး၊ တော်လှန်ရေး အသင့် မဖြစ်သေးဘူးဆိုတဲ့ (တကယ်လဲ ဟုတ်ခဲ့တယ်) အပြောတွေနဲ့ နေခဲ့ကြတယ်။ တကယ် လူထုလမ်းပေါ် ထွက်လာတော့လဲ ပါးစပ် အဟောင်းသားနဲ့ ကယောင်ကတမ်း ခြေကြောချက်တွေ ထုတ်ရုံကလွဲလို့ ကျနော်တို့ ဘာမှ မလုပ်နိုင်ခဲ့ဘူး။ ကျနော်တို့ ပြောနေကြတဲ့ တော်လှန်ရေး ရင့်မှဲ့ နေတယ်

ဆိုတဲ့ အနေအထားကို ရောက်နေပြီ။ ခူးဖို့ အချိန်ရောက်နေပြီ။ ရင့်မှဲ့ နေတာကို ပါးစပ်လေးဟာပြီး ဆက်ကြည့်နေရင်တော့ ပုတ်သိုးပြီး အရည်ပျော်သွားဖို့ပဲ ကျန်တော့တယ်။

ကျနော် နားလည်သလောက်တော့ တော်လှန်ရေး ရင့်မှဲ့တယ်ဆိုတာဟာ အာဏာရှင်ရဲ့ သရုပ်မှန်ကို ပြည်သူလူထု အများစုက သိသွားတဲ့ အချိန် ဖြစ်တယ်။ အံတုဖို့ ကြိုးစားလာတဲ့ အချိန် ဖြစ်တယ်။

**"မတရားတဲ့ အမိန့် ဟူသမျှ တာဝန်အရ ဖီဆန်ကြ"** ဒေါ်အောင်ဆန်းစုကြည် ပြည်သူကို ပြောသွားတဲ့ စကားစုလေး။ အတိုက်အခံတွေရဲ့ ပါးစပ်မှာ၊ စာမျက်နှာတွေပေါ်မှာ အင်မတန် ရေပန်းစားတယ်။ ပြည်သူတွေလဲ သိတယ်။ သဘောပေါက်အောင် လုပ်မပေးနိုင်ဘူး။ အဲဒီစကားကို ဘယ်လို အကောင်အထည်ဖော်ရမလဲ ပြောမပြ ပေးနိုင်ခဲ့ဘူး။ လမ်းပေါ်မတက်ပဲ၊ ကြွေးကြော်သံတွေ မပါပဲ လုပ်လို့ ရတဲ့ အာဏာဖီဆန်ရေး နည်းတွေကို ပြမပေး နိုင်ခဲ့ဘူး။ ပြည်သူတွေ လေ့လာကြ စည်းပူးကြ တိုက်ပွဲဝင်ကြလို့ အော်နေလို့ မရဘူး။ ထမင်းစားပြီးတာနဲ့ ဒီနေ့တော့ ထမင်းမငတ်ဖူး တော်သေးတယ်ဆိုတဲ့ အတွေးနဲ့ သက်ပြင်းချရ၊ ညဘက် အိပ်ယာဝင်ချိန်မှာလဲ မနက်ဖြန် စားဝတ်နေရေးအတွက် ပူပန်ရ ဖြစ်နေတဲ့ လူတွေက ဘယ်လို စာအုပ်စာတမ်းတွေ လေ့လာချိန် ရပ့ါမလဲ။ ကျနော်တို့ ရေးနေကြတဲ့ အင်တာနက်စာမျက်နှာဆိုတာတော့ ဘုရားသွင်လောက် နီးနီး သူတို့ ဘဝနဲ့ အဝေးကြီးမှာ။

ကျနော် နားလည်သလောက်တော့ တော်လှန်ရေး ရင့်မှဲ့တယ်ဆိုတာဟာ အာဏာရှင်ရဲ့ သရုပ်မှန်ကို ပြည်သူလူထု အများစုက သိသွားတဲ့ အချိန် ဖြစ်တယ်။ အံတုဖို့ ကြိုးစားလာတဲ့ အချိန် ဖြစ်တယ်။ အခုအချိန်မှာ ပြည်သူတွေ လိုချင်တာ အာဏာရှင် မကောင်းကြောင်း မဟုတ်ဘူး။ အာဏာရှင်ရဲ့ အကျင့်ပျက် ချစားမှုအကြောင်း မဟုတ်ဘူး။ ဒီအကြောင်းတွေကို အတွင်းထဲမှာနေတဲ့ ပြည်သူတွေက ကျနော်တို့ အားလုံးထက် ပိုပြောနိုင်တယ်။ ခုချိန်မှာ ပြည်သူတွေ လိုချင်နေတာ အာဏာရှင်စနစ်ကို ဘယ်လို သုတ်သင်မလဲဆိုတဲ့ နည်းလမ်းပဲ။ အဲလို ပြတဲ့အခါမှာလဲ ခေတ်မီ ရုံးခန်းကြီးတွေထဲက စားပွဲကြီးတွေပေါ်ထိုင်ရင်း စာတမ်းတွေ လိုမ့်ရေးနေလို့ မရဘူး။ **"ဒီလို ဆန့်ကျင် ရတယ် ကွ"** ဆိုပြီး ပြည်သူနဲ့ တသားထဲ မားမားရပ်ပြဖို့ လိုတယ်။

ဖြစ်စပ်တစ်ခု ပေါ်ပေါက်ဖို့ ကာလံ၊ ဒေသံ၊ အဂ္ဂံ၊ ဓနံ ဆိုတာ လိုတယ်။ တော်လှန်ရေးဟာလဲ အဲဒီ အကြောင်းတရား လေးပါးထဲက မလွတ်မြောက် နိုင်ဘူး။ အချိန်ကာလကတော့ ဒီထက်ပို အချိန်ကိုက်ဖြစ်ဖို့ မရှိဘူး။ စစ်အုပ်စုကို ဖြုတ်ချဖို့အတွက်ကတော့ စစ်အုပ်စု ရှင်သန်နေတဲ့ အရပ်မှာ တော်လှန်ရေးရှိဖို့ လိုတယ်။ သံရုံးတွေနား လှည့်ပတ်အော်လို့ နအဖ ပြုတ်မကျဘူး။ တခြားသော အကြိုးစီးပွားတော့ ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ နိုင်ငံတကာကို ကျနော်တို့ တော်လှန်ရေး လုပ်နေကြပါတယ် ဆိုတာမျိုးပေ့ါ။ အကြောင်းတရားအနေနဲ့ကလဲ ကုန်ဈေးနှုန်း တက်တာ၊ သံဃာတွေ အသတ်ခံ ရတာ၊ ကျောင်းသားတွေ နိုင်ငံရေး အကျဉ်းသားတွေ ဖမ်းစီး နှိပ်စက် ခံရတာ၊ အမျိုးကောင်းသမီးတွေ မုဒိန်းကျင့် ခံရတာ၊ ရွာတွေမီးရှို့ ခံရတာ၊ စတဲ့ အကြောင်းတွေ ဆက်ရေးရရင် စာအုပ်ထူတစ်အုပ် ဖြစ်သွားနိုင်တယ်။ ဓနံ လို့ ခေါ်တဲ့ ငွေကြေး ဆိုတာကတော့ လူထုချစ်ရင် ထမင်း မငတ်ဘူး။ လူထုအနေနဲ့ ဒေါ်လာသိန်းချီ အကုန်အကျခံပြီး ကားတွေ၊ ရုံးခန်းတွေ၊ နေစရာ အဆောင်အယောင်တွေ ငှား မပေးနိုင်ဘူးပေ့ါ။

ညီညွတ်ရေး၊ ရန်ပုံငွေ၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် စတဲ့ တောဆင်ခမည်းလို အကြောင်း ပြချက်တွေနဲ့ တော်လှန်ရေးသက် ရှည်နေကြဦးမှာလား။ ကျွန်တို့ ခေါင်းကို ရိုက်ခွဲနေတဲ့ လက်ကို  အကြမ်းဖက်သမား သမုတ်ခံရမှာ ကြောက်တဲ့ စိတ်တစ်ခုထဲနဲ့ မခုခံကြတော့ဘူးလား။ ခေါင်းဆောင် ဘယ်မှာလဲဆိုတဲ့ အမေးနဲ့ ကျွန်တော်တို့ကို ကျွန်တော်တို့  ဆက်ဂုက်ထားကြ ဦးမလား။ ဒေါ်အောင်ဆန်းစုကြည်လဲ National Figure တစ်ယောက်အနေနဲ့ပဲ ရပ်တည် ပေးနိုင်မယ်။ ရှေ့ထွက်ပြီး ဦးဆောင်ခွင့် ဘယ်လိုမှ မရဘူး။ ၈၈ မျိုးဆက်တွေလဲ ထောင်နှစ်ရှည် အချခံဖို့ သူတို့ နရသိမ်တွေထဲမှာ။ ဂမ်ဘာရီနဲ့ ကုလသမဂ္ဂဆိုတာလဲ စစ်အုပ်စု နားကပ်ဖို့ မပြောနဲ့ တရုတ်နဲ့ ကုလားဆိုတဲ့ စစ်အုပ်စုရဲ့တခြားသော တံခါးတွေကိုတောင် မဖွင့်နိုင်ရှာဘူး။

ဒေါ်အောင်ဆန်းစုကြည်ကလဲ စကားကုန်ပြောသွားပြီ **"အဆိုးဆုံး အတွက်ပြင်ဆင် ကြတော့"** တဲ့။ သူ့ပုန်ထကြမှ ဖြစ်တော့မယ်။ ကျနော်တို့ နောက်ထပ်မျိုးဆက်တွေ ရှင်သန်ဖို့အတွက် ကိုယ်အလောင်းစင်ကို ပြင်ဖို့ အချိန်တန်ပြီ။ နအဖ ဟာ ကျနော်တို့ကို ရန်သူလို့ သဘောထားသလို  ကျနော်တို့ကလဲ နအဖကို ရန်သူလို့ မြင်ဖို့ ကောင်းပြီ။ ညှိနှိုင်းရေး ဆိုတာလဲ RM ကို အသက်သွင်းဖို့ အချိန်ခိုးထားတဲ့ ပုံပြင်ဖြစ်တယ်ဆိုတာ သဘောပေါက်ကြပြီး ဖြစ်တယ်။ လိုအပ်သလောက် မထိရောက်တဲ့ စီပွားရေး ပိတ်စို့မှုတွေ၊ အစည်းဝေးပွဲတွေလဲ မျှော်လင့် မနေနဲ့တော့။ မဖွင့်သေးတဲ့ ထီလက်မှတ်လို့ သဘောထားပြီး ကိုယ့်လွတ်မြောက်မှုကို ကိုယ်ရှာကြဖို့ အချိန်ရောက်ပြီ။ ခေါင်းဆောင်

တွေ၊ တန်ခိုးရှင်တွေ၊ မင်းလောင်းတွေ၊ ကယ်တင်ရှင်တွေ မျှော်နေမဲ့အစား ကိုယ့်ခြေ ကိုယ့်လက်နဲ့ ကိုယ်တတ်နိုင်တဲ့ ထောင့်က တော်လှန်ရေးကို စရတော့မှာ ဖြစ်တယ်။

**အကြမ်းလဲ မဖက် အကြမ်းဖက်လဲ မခံတဲ့ မြေပေါ်တိုက်ပွဲတွေ ဖော်ထုတ်ကြစို့ ။**
**လက်ရုံးရည် အားကောင်းသူတွေက လက်နက်စွဲပြီး တိုက်ကြစို့ ။**
**ကျနော်တို့ နှလုံးသွေးတွေနဲ့ မျိုးဆက်တိုင်းရဲ့ ရင်ဘတ်ပေါ်က စစ်ဖိနပ်ရာတွေကို ဆေးကြစို့။**
**ကျဆုံးသွားသူတွေရဲ့ အလာင်းကို အကာအကွယ်ယူ ၊ အလောင်းပေါ်လောင်းဆင့် နင်းတက်ရင်း စစ်အာဏာရှင်ကို ပုလ္လင်ပေါ်က တွန်းချစို့။**
**နအဖ နဲ့ တကွ တွေဝေနေသူ အားလုံးကို ရာဇသံ ပေးကြစို့။**

ပုဂ္ဂိုလ်ရေး အကြိတ်အခဲ ရှိသူတွေတောင် ရန်သူကို အတူလက်တွဲ တိုက်တဲ့အခါ ရင်ချင်းအပ်၊ ကျောချင်းကပ်နိုင်ကြပါတယ်။ တော်လှန်ရေး စစ်မျက်နှာကို ဖွင့်လိုက်တာနဲ့ နည်းနာအမျိုးမျိုးနဲ့ ကွဲပြားနေတဲ့ အုပ်စုတွေ အကုန်လုံး တသံထဲ ထွက်လာပါ လိမ့်မယ်။ ကျနော်တို့ အားလုံး ခြေလှမ်းတွေ မတူပေမဲ့ လမ်းကတော့ ဒီတစ်ခုထဲ မဟုတ်လား။ အနာဂတ်ကို သန့်စင်နိုင်ဖို့ ကြိုးစားရင်း ကျနော်တို့ ကျဆုံးသွားတယ် ဆိုရင်တောင် ကျနော်တို့ တတ်နိုင်သမျှ တန်းကုန်အောင်လုပ်သွားတယ်ဆိုတဲ့ စိတ်နဲ့ သေခွင့်ရမှာ ဖြစ်တယ်။ ဒီတိုင်းဆက်နေသွားလို့ကတော့ မတရားမှုကို သိပြီး အံမတုနိုင်တဲ့ လူဟာ မသိလို့ မတရား ခံနေရတဲ့ လူတွေထက် ပို ရှက်ဖို့ ကောင်းတယ်။ စစ်အုပ်စု လက်ထက် တိုက်ပွဲတွေမှာ အသက်ပေးသွားတဲ့ လူတွေ အားလုံးက ကျနော်တို့ကို ရယ်မော နေတော့မယ်။ မည်သို့ပင်ဖြစ်စေ ကျနော်ကတော့ အွန်လိုင်း စာမျက်နှာတွေ ပေါ်ကပဲ ရာဇသံပေး နိုင်တဲ့ ကောင်ပါ။

တကယ့် စစ်မြေပြင်အတွက်တော့ ဘယ်သူ စပြီး ရာဇသံပေးမလဲ။ ကြည့်မယ်။

မိုးထက်နေ